# ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၆ / ၂၀၁၄)**

**၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်**

**(၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )**

ချင်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေအခန်း (၁၈) ပုဒ်မ ၇၆ကို အောက်ပါစကားရပ်ဖြင့် အစားထိုးရမည်-

၇၆။ မည်သူမဆို အောက်တွင် ဖော်ပြထားသော ပုဒ်မ သို့မဟုတ် ပုဒ်မခွဲပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။ ဒဏ်ငွေ ပေးဆောင်ရန် ပျက်ကွက်ပါက ထောက်ဒဏ်ခြောက်လအထိ ချမှတ်ခြင်းခံရမည်။

၃။ ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေအခန်း (၁၈) ပုဒ်မ ၇၇ ကို အောက်ပါစကားရပ်ဖြင့် အစားထိုးရမည်-

၇၇။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ သို့မဟုတ် ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြေငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ်ခြောက်လအထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

GRDAC

၄။ ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေအခန်း (၁၈) ပုဒ်မ ၇၉ကို အောက်ပါစကားရပ်ဖြင့် အစားထိုးရမည်-

၇၉။ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄နှင့် ပုဒ်မ ၃၅ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၅။ ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေ အခန်း(၁၈)ပုဒ်မ ၈၃ ကို အောက်ပါစကားရပ်ဖြင့် အစားထိုးရမည်-

၈၃။ မည်သူမဆို ပုဒ်မ ၇၀ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ်ခြောက်လအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

GIRDAC

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

(ဟုန်းငိုင်း)

ဝန်ကြီးချုပ်

ချင်းပြည်နယ်အစိုးရအဖွဲ့